ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မြို့တော်ခန်းမ၊ ရန်ကုန်မြို့

အမိန့်အမှတ် ( ၁ / ၂၀၁၈ )

၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်
၂၀၁၈ ခုနှစ် ဩဂုတ်လ ၈ ရက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃၆၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တိုးတက်ဖွံ့ဖြိုးလာသော လူဦးရေနှင့် နေထိုင်မှုများကြောင့် မြို့တော်နယ်နိမိတ်အတွင်း တိရစ္ဆာန်မှ လူသို့ ကူးစက်ရောဂါများ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မြို့တော်အင်္ဂါရပ်နှင့်အညီ တိရစ္ဆာန်မွေးမြူရေးကဏ္ဍကို အန္တရာယ်ကင်းရှင်း၍ စည်းစနစ်ကျနပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်နယ်နိမိတ်အတွင်း တိရစ္ဆာန်များကို တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ မွေးမြူခွင့်မပြုသော မြို့နယ်များအဖြစ် (၁၉)မြို့နယ်ကို သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ သဃ်န်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်များ၌ တိရစ္ဆာန်မှ လူသို့ ကူးစက်ရောဂါများ တိရစ္ဆာန်မှ လူသို့ ကူးစက်ရောဂါများ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက် တိရစ္ဆာန်များကို တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ မွေးမြူခြင်းမပြုရန် ဖြည့်စွက် သတ်မှတ်လိုက်သည်။

၃။ မည်သူမဆို ဤအမိန့်ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

၈.၈.၁၈

မောင်မောင်စိုး
ဥက္ကဋ္ဌ ( မြို့တော်ဝန် )
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

D/DKW/Office 2018(Order) P 5